## စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေနှင့် ပတ်သက်သည့် ပူးတွဲ သဘောထား ထုတ်ပြန်ချက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

၁။ လယ်ယာမြေဥပဒေနှင့် မြေလွတ် မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး၊ အရေးယူအပြစ်ပေးမည့် အပိုဒ်များ ဖြည့်စွက်ထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ ပြင်ဆင်ချက် မူကြမ်းသည် ၂၀၁၇ ခုနှစ် နှောင်းပိုင်း၌ ထွက်ပေါ်ခဲ့သည်။ ယခု ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် အဆိုပါ ပြင်ဆင်ချက် ဥပဒေကို အတည်ပြု ပြဋ္ဌာန်းလိုက်ကြောင်း သိရှိရသည်။

၂။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် အမျိုးသားမြေအသုံးချမှု မူဝါဒကို အတည်ပြုပြဋ္ဌာန်းခဲ့သဖြင့် မြေယာဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေတို့သည် မြေအသုံးချမှုဆိုင်ရာ မူဝါဒတစ်ရပ် မရှိသေးမီကာလက ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်သည်။ အလားတူ မြေအသုံးချမှုနှင့် ဆက်စပ်သောဥပဒေပေါင်း ၆၀ ကျော် ရှိသောကြောင့် **အမျိုးသားမြေအသုံးချမှုဗဟိုကော်မတီက အမျိုးသားမြေဥပဒေတစ်ရပ် ရေးဆွဲရမည်ဟု အမျိုးသားမြေအသုံးချမှု မူဝါဒတွင် လမ်းညွှန် ပြဋ္ဌာန်းထားပြီး ဖြစ်သည်။**

အမျိုးသားမြေအသုံးချမှု မူဝါဒ အပိုင်း (၈) တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချအခွင့်အရေး အပိုဒ် ၆၆ (ခ) တွင် "လက်ရှိ မြေအသုံးချမှုကို မှတ်တမ်းနှင့် မြေပုံများတွင် ဖော်ပြထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မှတ်ပုံတင်ထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြေအသုံးချလျက်ရှိသည့် တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် ဒေသဆိုင်ရာ ရိုးရာမြေစီမံအုပ်ချုပ်မှုအလေ့အထများကို အသိအမှတ်ပြု ကာကွယ်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ **ယခု မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၈) သည် အဆိုပါ ပြဋ္ဌာန်းချက်ကို ကျူးလွန် ဆန့်ကျင်ရာ ရောက်နေပေသည်။**

၃။ နိုင်ငံတဝှမ်းရှိ တိုင်းရင်းသားပြည်သူများသည် ၎င်းတို့ အမိုပြု၍အသက်မွေးဝမ်းကျောင်းပြုနေသည့် မြေယာနှင့် သစ်တော သဘာဝ ပတ်ဝန်းကျင် ဂေဟာစနစ်များကို ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည့် မူလပိုင်ရှင်များ ဖြစ်ကြပါသည် ။ ပိုင်ရှင်ရှိပြီးသော မြေယာသယံဇာတအရင်းအမြစ်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဟု သတ်မှတ်သည့် ပင်မအဓိပ္ပာယ် ဖွင့်ဆိုချက်သည် တိုင်းရင်းသားပြည်သူများ၏ မြေယာပိုင်ဆိုင်မှုကို မတရား အနိုင်အထက်ပြု ဖျက်သိမ်းလိုက်သည့်ဥပဒေ ဖြစ်နေပေသည်။

၎င်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှုဥပဒေ၏ အနှစ်သာရသည် **တိုင်းရင်းသားလူမျိုးများ၏ မူလမြေပိုင်ဆိုင်မှုများကို အပြီးတိုင် ဖျက်သိမ်းလျက် ဗဟိုချုပ်ကိုင်မှုအားကြီးသော စီမံခန့်ခွဲမှုကို အားပေးသည့် ဥပဒေဖြစ်သောကြောင့် တိုင်းရင်းသားများလိုလားသော ဖက်ဒရယ်ဒီမိုကရေစီ စံနှုန်းများနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆိုးရွားစွာ ထိခိုက်စေမည်** ဖြစ်သဖြင့် ဥပဒေပါစကားလုံးများ၊ စာပိုဒ်များကို ပြင်ဆင်ဖြည့်စွက်ရုံမျှဖြင့် မူရင်းအနှစ်သာရကို ဖျက်သိမ်းနိုင်လိမ့်မည် မဟုတ်ပေ။

၄။ ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက် နေ့ တွင် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေများကို တစ်ပြိုင်တည်း ပြဋ္ဌာန်းခဲ့ပြီး လယ်ယာမြေဥပဒေ ပုဒ်မ ၄၃ အရ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေကို ဖျက်သိမ်းခဲ့သည်။ ဖျက်သိမ်းခဲ့သည့် ဆိုရှယ်လစ်ခေတ် တောင်သူလယ်သမား ကာကွယ်ရေး ဥပဒေအရ တောင်သူများအား တရားရုံးတွင် တရားစွဲခွင့်မရှိ၊ ထွန်သိမ်း၊ နွားသိမ်း၊ မြေသိမ်းခွင့်မရှိပေ။ ထိုအကာအကွယ်ပေးချက်များပါသည့် ဥပဒေများအား ဖျက်သိမ်းလိုက်သဖြင့် တောင်သူများအား တရားစွဲဆို ထောင်ချခွင့် ရရှိသွားပြီး မြေသိမ်းမှုများ တရားဝင် လုပ်ဆောင်နိုင်သောကြောင့် ၂၀၁၂ ခုနှစ်မှ စ၍ ရွာလုံးကျွတ် တရားစွဲသည့်အမှုမျိုး နေရာအနှံ့ ဖြစ်ပွားခဲ့သည်။ လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ ကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းပြီး နောက်ပိုင်း မြေယာသိမ်းဆည်းမှုများ ၊ တောင်သူလယ်သမားများအား မတရားတရားစွဲဆို ထောင်ချခြင်းများ နိုင်ငံအနှံ့ အပြား ဆိုးရွားစွာ မြင့်တက်လာခဲ့သည်။ မြေမတရားသိမ်းဆည်းခံရမှုများကို ဆန့်ကျင်သည့် လှုပ်ရှားမှုများကိုနှိပ်ကွပ်နိုင်ရန် ၎င်းဥပဒေနှစ်ရပ်ကို ပြစ်ဒဏ်များ တိုးမြှင့်ပြင်ဆင်သည့် ဥပဒေများကို ၂၀၁၇ ခုနှစ် ဇွန် လ မှ စ၍ မူကြမ်းများ လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းကို တစ်ပါတည်း တင်သွင်းခဲ့သည်။ ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းသည် မြေသိမ်းမှုများကို တရားဝင် ထပ်မံ လုပ်နိုင်သည့် ဆိုးရွားသော ဥပဒေဖြစ်သဖြင့် ဆန့်ကျင် ကန့်ကွက်မှုများကြောင့် ၂၀၁၈ ခုနှစ် မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ဥပဒေ(မူကြမ်း)ကို

လွှတ်တော်သို့ အမည်ပြောင်းလဲ တင်သွင်းခဲ့သည်။ အနှစ်ချုပ်အားဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ ၂၀၁၈ ခုနှစ် မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် မြေသိမ်းဥပဒေကြမ်းတို့သည် မြေယာသိမ်းဆည်းမှုများအား ကျယ်ပြန့်စွာ တရားဝင် ဆောင်ရွက်နိုင်ရန်နှင့် အာဏာ၊ ပါဝါ၊ စီးပွားရေး အမြတ်ထုတ်ရန် သိမ်းထားသောမြေများကို တရားဝင်ဖြစ်စေရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့သော ဥပဒေများသာ ဖြစ်သည်။

၅။ မြေသိမ်းမှုများ မြင့်မားလာသည့်အတွက် မြေသိမ်းခံရသူများဘက်မှ အရပ်ဖက်အဖွဲ့များ၊ ရှေ့နေများက ကျယ်ကျယ်ပြန့်ပြန့် အားကောင်းမောင်းသန် ကူညီခဲ့ကြသည်။ ထိုကူညီသူများကို တန်ပြန်နှိပ်ကွပ်နိုင်ရန် မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ ၂၀၁၇ ခုနှစ် ပြင်ဆင်ချက်တွင် ကျူးကျော်နေထိုင်သူနှင့် ကျူးကျော်နေထိုင်စေသူ (ကူညီသူ)ကို တရားစွဲဆို ပြစ်ဒဏ်ချရန် ထည့်သွင်းလျက် ပြစ်ဒဏ်များကိုလည်း ၆ လ မှ ၂ နှစ်သို့ တိုးမြှင့်ခဲ့သည်။ အနှစ်ချုပ်အားဖြင့် လက်ရှိ မြေဥပဒေ ၃ ရပ်လုံးသည် မြေသိမ်းဆည်းမှုကို ကျယ်ကျယ်ပြန့်ပြန့် တရားဝင်ဆောင်ရွက်ရန် ပြဋ္ဌာန်းသော ဥပဒေများပင် ဖြစ်သည်။

၆။ ဓါးမဦးချ လုပ်ကိုင်အသက်မွေးနေသော တောင်သူ အများစုမှာ မိမိတို့ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့်မြေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် သတ်မှတ်ထားကြောင်း သိရှိနားလည်ထားခြင်းလည်းမရှိ၊ လုပ်ကိုင်ခွင့် လျှောက်ထားရမည်ဟုလည်း သဘောမပေါက်ကြသူများသာဖြစ်ကြ၍ ကျူးကျော်သူများအဖြစ် ကျရောက်သက်ဆင်းကာ အရေးယူခြင်းခံရရန်သာ ရှိတော့သည်။ ၎င်းဓါးမဦးချ အသက်မွေး လျက်ရှိသည့် တောင်သူများ မတရားပြစ်ဒဏ်ချမှတ်ခံရခြင်းမရှိစေရန် သို့မဟုတ် မြေဆုံးရှုံးမှုမရှိစေရန် ကူညီဆောင်ရွက်ကြသည့် ဥပဒေသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ အသင်းအဖွဲ့အစည်းများမှာ ကျူးကျော်ရန် စေခိုင်းသူ၊ အားပေး ကူညီသူများအဖြစ် ရာဇဝတ်ပြစ်ဒဏ် သင့်ကြပေလိမ့်မည်။

တဖက်တွင် မင်းပေါက်စိုးပေါက် အခွင့်အရေးသမားများက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လက်ဦးမှု ရယူလျက် လုပ်ကိုင်ခွင့်များ လျှောက်ထားကာ သူတစ်ပါး လုပ်ကိုင်အသက်မွေးနေသည့်မြေယာများ၏ မြေပိုင်ရှင်ကြီးများ အဖြစ် နေ့ချင်းညချင်းရောက်ရှိလျက် ရှိကြသည်။ နှစ် (၃၀) ကာလ အကန့်အသတ်ဖြင့် ဧကပေါင်း ၅၀,၀၀၀ အထိ လုပ်ကိုင်ခွင့်ချပေးမည့် ဥပဒေပုဒ်မများသည် မည်သည့် ဓါးမဦးချတောင်သူ တစ်ဦးတစ်လေမျှနှင့် မပတ်သက်ဘဲ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီကြီးများ၊ ခရိုနီ သူဌေးကြီးများ၊ ငွေရှင်ကြေးရှင် လူလည်များအတွက် လမ်းခင်း ပေးသည့် ဥပဒေမျိုးဖြစ်ကြောင်း ထင်ရှားလျက်ရှိပေသည်။ လုပ်ကိုင်ခွင့် ရရှိထားသောမြေကို လယ်ယာမြေဥပဒေ ပုဒ်မ (၃၄) အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ်မှ လယ်ယာမြေအဖြစ် ပြန်လည်လျှောက်ထားခွင့် ရှိနေပြန်ရာ မြေရှင်ကြီး စနစ် သေသေချာချာ ပေါ်ပေါက်ရန်ဖန်တီးရာ ရောက်နေပေသည်။

မူလ လျှောက်ထားသကဲ့သို့ အကောင်အထည်ဖော်လုပ်ကိုင်ခြင်းမရှိလျှင် သို့မဟုတ် သတ်မှတ်ကာလအတွင်း လုပ်ကိုင်ခွင့် မလျှောက်ထားလျှင် သိမ်းဆည်းခံရမည် ဆိုခြင်းသည်လည်း လုပ်ငန်းရှင်များ၊ ငွေရှင်များထက် တောင်သူများ သာလျှင် တဖက်သတ် ဖိနှိပ်ခံရမည့်သဘော သက်ရောက်နေပါသည်။

၇။ ထိုကြောင့် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် မဆန့်ကျင်သော ကောင်းမွန်မှန်ကန်သည့် မြေယာဥပဒေတစ်ရပ် မပေါ်ပေါက်သေးဘဲ ငွေရှင်မြေရှင်များအကျိုးအတွက် တဖက်သတ် ရေးဆွဲပြဋ္ဌာန်း၍ ရည်ရွယ်ချက်ရှိရှိ အကောင်အထည် ဖော်နေသည့် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေအပါအဝင် လက်ရှိ မြေဥပဒေ ၃ ရပ်လုံးသည် ပြင်ဆင်ရန် ကြိုးပမ်းရမည့် ဥပဒေမျိုးမဟုတ်။ ချွင်းချက်မရှိ လုံးဝအပြီးတိုင် ဖျက်သိမ်းပစ်ရမည့် ဥပဒေများဖြစ်ကြောင်း မိမိတို့ သဘောထား အမြင်ကို ပူးတွဲထုတ်ပြန်အပ်ပါသည်။**

**စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA) နှင့် မိတ်ဖက်အဖွဲ့အစည်းများ**


ဆက်သွယ်ရန်

| | | | |
|---|---|---|---|
| ၁။ | စိုင်းဆိုင်လင်း | UNA ရုံးအဖွဲ့မှူး | ၀၉ ၄၃၁၅၉၆၃၉ |
| ၂။ | ဦးမျိုးကျော် | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် | ၀၉ ၅၁၄၃၈၂၃ |
| ၃။ | ဦးအောင်မိုးဇော် | လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | ၀၉ ၉၇၆၀၅၁၇၇၀ |